မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 20 , 2025 Volume 96 , Number 12

| ၂၀-၁၁-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၈.၈၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၆.၃၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၃.၉၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၀.၂၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၈ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၅.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၀ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပသို့ ၇ လတာအတွင်း ငါးမက်ထရစ်တန် ၁၆၀,၀၀၀ ကျော်တင်ပို့ထားဟုဆို



ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာမှာ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ အောက်တိုဘာ ၃၁ ရက်နေ့အထိ ၇ လတာအတွင်း ငါးမက်ထရစ်တန် ၁၆၀,၀၀၀ ကျော် တင်ပို့ထားပြီး ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရပါတယ်။

"ငါးတစ်မျိုးတည်းကို မက်ထရစ်တန် ၁၆၅,၁၀၉ ဒသမ ၃ ၈၇ တင်ပို့ထားပါတယ်။ အဲဒီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၀၉၇ သန်းရရှိထားပြီးဖြစ်ပါတယ်"လို့ အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

ထိုကာလအတွင်းမှာ ပုံမှန်ကုန်သွယ်မှု ပင်လယ်ရေကြောင်းမှ ငါးမက်ထရစ်တန် ၈၅,၇၅၆ ဒသမ ၉၁ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၈၄၆ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်ရေးမှ ငါးမက်ထရစ်တန် ၇၉,၃၅၂ ဒသမ ၄၇၇ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၂၅၁ သန်း ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ငါးအပါအဝင် အခြားရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာမှာ ယခုဘဏ္ဍာနှစ် ၇ လတာကာလအတွင်း ရေထွက်ကုန်စုစုပေါင်း မက်ထရစ်တန် ၂၃၄,၁၀၇ ဒသမ ၀၈၆ တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနရဲ့ စာရင်းများအရ သိရပါတယ်။

ပြည်တွင်းမှ ထွက်ရှိသည့် ငါး၊ ပုစွန် စသည့် ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ် ၊ ဂျပန် စတဲ့ ပြည်ပနိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့နေတာဖြစ်တယ်လို့ သိရပါတယ်။

**Source : Myanmar Future News Agency**

## ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏကြောင့် ပဲတီစိမ်းနှင့်ငှက်ပျောတင်ပို့မှု ရပ်ဆိုင်းထားခြင်းကို တရုတ်ဘက်က ဖြေလျှော့ပေးမည်



မြန်မာနိုင်ငံကနေ တရုတ်ဘက်သို့တင်ပို့လျက်ရှိသည့် ပဲတီစိမ်းနှင့် ငှက်ပျောသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပမာဏကြောင့် တရုတ်ဘက်က တင်ပို့ခွင့်ယာယီရပ်ဆိုင်းထားခြင်းအပေါ် ဖြေလျှော့ပေးမည် ဖြစ်ကြောင်း သိရပါတယ်။

အခုနိုဝင်ဘာလအတွင်း တရုတ်နိုင်ငံမှာကျင်းပခဲ့သည့် ၉ ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်ခဲ့ပြီး အဆိုပါခရီးစဉ်အတွင်းမှာ ထည့်သွင်းဆွေးနွေးခဲ့ခြင်းဖြစ် ကြောင်း သိရပါတယ်။

အဆိုပါခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ရက်နေ့က တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) ဒုတိယဝန်ကြီး Mr. Zhao Zeng Lian ဦး ဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့သည့် ကုမ္ပဏီ ၂၅ ခုနှင့် ငှက်ပျောတင်ပို့သည့် ကုမ္ပဏီ ခုနစ်ခုတို့ကို ပိုးသတ်ဆေး ဓာတ်ကြွင်းပမာဏကြောင့် တင်ပို့ခွင့်ယာယီရပ်ဆိုင်းထားသည့်အတွက် ဖြေလျှော့ပေးရန် ဆွေးနွေးမှုအပေါ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့တာလို့ သိရ ပါတယ်။

ဒါ့ပြင်လက်မှတ်ရေးထိုးရန်ပေးပို့ထားသည့် Protocol များနှင့် စပ်လျဉ်း၍ GACC ၏ သက်ဆိုင်ရာ သီးနှံ၊ အသား၊ ငါးကဏ္ဍအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဆက်လက်ဆောင်ရွက်ပေးရန် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ငှက်သိုက်တင်ပို့မှုလုပ်ငန်းစဉ်အတွက် လိုအပ်သောအထူးသဘောတူညီချက်နှင့်စပ်လျဉ်း၍ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း GACC ဘက်မှ ပြန်လည်ဆွေးနွေးခဲ့တယ်လို့လည်း သိရပါ တယ်။

**Source :** https://opinionleadersmedia.com/

## ရွှေဘိုပေါ်ဆန်းထွက်ရာ တန့်ဆည်နှင့်ရွှေဘိုတွင် နွေစပါးအဝယ်မရှိသဖြင့် တောင်သူများအခက်အခဲဖြစ်နေ



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာမည်ကြီးရွှေဘိုပေါ်ဆန်းစပါးများထွက်ရှိရာ တန့်ဆည်မြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့တွင် နွေစပါးအဝယ်မရှိသဖြင့် တောင်သူများအခက်အခဲဖြစ်နေကြောင်းဒေသခံများကပြောသည်။

လက်ရှိတွင် မိုးစပါးများ ပြန်လည်ရိတ်သိမ်း ရာသီရောက်လာသော်လည်း ရွှေဘိုမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့တွင်နွေစပါးများ လက်ရှိအချိန်ထိရောင်း မထွက်ဖြစ်နေကြောင်းသိရသည်။

"ဈေးမကောင်းတာ။ ပွဲစားတွေကဆင်းပြီး မဝယ်ဘူး။ ဘေးကြားကတော့ ဈေးကောင်းတယ်။ နွေစပါး ကတော့ ဈေးမကောင်းဘူး။ ပေါ်ဆန်းကတော့ အခုအချိန်မှာ တောင်သူတွေဆီမှာမရှိတော့ဘူး။ အခုမှ ပြန်ရိတ်ရမှာလေ။ အခုက နွေစပါးရောင်းဖို့ကို အခက်အခဲဖြစ်နေတာ။ လမ်းပန်းတွေမကောင်းတာနဲ့ ဝယ်သူတွေကလည်း မလာဘူး။ ကျွန်မတို့ဆီဆိုရင် ပွဲစားကလာ ဝယ်မယ်ပြောပြီးအခုထိလာမဝယ်သေးဘူးတော်တော်ကြာပြီ"ဟုဒေသခံအမျိုးသမီးတစ်ဦးကပြောသည်။

မြို့နှင့်အနီးကျေးရွာအချို့သို့ ဆင်းဝယ်သော စပါးပွဲစားများထံရောင်းချရာတွင်လည်း နွေစပါးများဖြစ်သော ရက် ၉၀ နှင့် ရွှေဝါထွန်းစပါးများသည် တင်း ၁၀၀လျှင် ၁၀ သိန်းကျပ်သာ ပေါက်ဈေးရှိသည့်အတွက် သွင်းအားစုစရိတ်နှင့် ရိတ်သိမ်းခများ ဈေးနှုန်းကြီးမြင့်ခြင်းကြောင့်အရှုံးပေါ်နေကြောင်းၾင်းကဆိုသည်။

" မိုးစပါးကျရင်တော့ အဝယ်ကောင်းဖို့ပဲမျှော်လင့်ရတာပေါ့။ ပေါ်ဆန်းကတော့ မရိတ်ရသေးဘူး။ လယ်သမားတွေကတော့ စိုက်ရတာပေါ့။ ဒါပဲ လုပ်စရာရှိတာဆိုတော့။ တစ်တင်းမှ ကျပ် ၁၀,၀၀၀ပဲရှိတယ်။ စိုက်ပျိုးစရိတ်က ကြီးတယ်လေ။ ကျွန်မတို့ ဘက်မှာက ရွှေဝါကို စိုက်ကြတာများတယ်။ အမျိုးမျိုး အခက်အခဲ ရှိတာလည်း ပါတယ်။ နွေစပါးကတော့ အရှုံးတွေချည်းပဲ" ဟု ၎င်းကပြောသည်။

လက်ရှိတွင် ရွှေဘိုပေါ်ဆန်း(ဘေးကြား)စပါးမရိတ်သိမ်းသေးသော်လည်း နယ်မြေအခြေအနေအရ ပွဲစားများလာရောက်ဝယ်ယူရန်အခက်အခဲများကြောင့် စပါးဈေးဆက်ကျမည်ကိုစိုးရိမ်နေရကြောင်းလည်း ရွှေဘိုမြို့နယ်မှလယ်သမားတစ်ဦးက ဆိုသည်။

"လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ စပါးဈေးတွေကလည်းသိပ်မရှိဘူးလေ။ စပါးတွေကလည်း ပိုးတွေကျတယ်။ နယ်မြေအခြေအနေကြောင့် ပိုးသတ်ဆေး မဖျန်းနိုင်တာလည်းပါတာပေါ့။ ရိတ်သိမ်းဖို့ကတော့ ကြည့်လုပ်ရမဲ့ အခြေအနေပါ။ စပါးလာဝယ်ဖို့ကလည်း ပွဲစားတွေလာဖို့အခက်အခဲရှိတယ်။လက်ရှိမှာ ရွှေဘိုပေါ်ဆန်းဘေးကြားက တစ်တင်းကို ၄၅,၀၀၀ ကျပ်ဝန်းကျင်ရှိတယ်၊တင်း ၁၀၀ ကိုတော့ ၄၅ သိန်း ဝန်းကျင်ရှိတယ်။ပေါ်ဆန်းကဈေးရှိပေမဲ့ ဈေးကျမှာလည်းစိုးရတယ်"ဟု ၎င်းကပြောသည်။

လက်ရှိ ပြည်တွင်း ဈေးကွက်တွင် ရွှေဘို ပေါ်ဆန်းစပါး ရှားပါးလာမှုကြောင့် တင်း၁၀၀ လျှင် ကျပ်သိန်း ၅၀ ဝန်းကျင်အထိ ဈေး မြင့်တက်နေသော်လည်းတစ်ဧကစိုက်ပျိုးစရိတ်မှာကျပ်သိန်း ၂၀ ဝန်းကျင်ရှိကြောင်း သိရသည်။

ထို့ကြောင့် နယ်မြေအခြေအနေများကြောင့် ကျေးရွာများအထိ စပါးပွဲစားများလာရောက်ဝယ်ယူရန် အခက်အခဲရှိနေသောကြောင့် တန့်ဆည်နှင့်ရွှေဘိုတွင် စပါးအဝယ်နည်းနေခြင်းဖြစ်ကြောင်း သိရသည်။

"ပွဲစားတွေလာမဝယ်ရဲကြတာ။လမ်းခရီးကလည်းမကောင်းဖြစ်နေတာလေ။ ရွှေဘို-စစ်ကိုင်းကလည်း သွားလို့မလွယ်ဘူးလေ ရွာဘက်တွေက ပိုဆိုးတယ်။ သွားရတာတော်တော်ကိုမလွယ်တာ။ ရွှေဘိုဘက်မှာ တောင်သူတွေကတော့ တော်တော်ကို ခက်ခဲနေပြီ။ ဆေးကလည်းမရဘူး။နွေစပါးလည်း ထင်သလောက်မရကြဘူး။တောင်သူတွေကရှုံးတာပေါ့ဗျာ။ ဆေးခနဲ့ရိတ်သိမ်းခနဲ့ ကောက်စိုက်ခတွေနဲ့ အကုန်တွက်ကြည့်ရင်ရှုံးတာပေါ့ဗျာ"ဟု ရွှေဘိုမှ လယ်သမားတစ်ဦးကပြောသည်။

**Source :** https://www.npnewsmm.com/

## ပြင်ဦးလွင်ပန်းပွဲတော် မတူထူးခြားသည့်ပန်းပြကွက်များဖြင့် ကျင်းပသွားမည်




ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ယခုနှစ်ပန်းပွဲတော်ကို၊ ထူးခြားဆန်းပြားသည့် ပန်းပြကွက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကျင်းပရေးတာဝန်ရှိအဖွဲ့အစည်းက သတင်းထုတ်ပြန်ခဲ့ပါ တယ်။

ယခင်နှစ်များနှင့်မတူသည့်ပြကွက်ပုံစံအမျိုးမျိုးဖော်ထုတ်ပြသနိုင်ရန် စီစဉ်ပြင်ဆင်ထားပြီးဖြစ်ကြောင်း အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)အမြဲတမ်းဝန်ထမ်းတစ်ဦးက ပြောပါ တယ်။

“ဒီနှစ် တကယ်ကို အထူးခြားဆုံးအပြင်အဆင်တွေနဲ့ စီစဉ်ထားတယ်၊ ပန်းမျိုးစုံကို ပြကွက်အမျိုးမျိုးနဲ့ ပြသွားမှာပေါ့နော်၊ ပြည်တွင်းပြည်ပပန်းမျိုးစိတ်သိန်းနဲ့ချီပြီးပါဝင်မယ်၊ အသေးစိတ်တော့မထုတ်ပြန်သေးဘူး၊ အရင်နှစ်တွေကထက် သာကိုသာရမယ်၊ လာလည်ကြဖို့ဖိတ်ခေါ်ပါတယ်”ဟု ၎င်းကဆိုပါတယ်။

၁၈ ကြိမ်မြောက်ပန်းပွဲတော်အဖြစ်ကျင်းပသွားမည်ဖြစ်ပြီး၊ ယခုနှစ်အတွက်ပန်းပွဲတော်အမည်ကို IMMERSIVE FLOWERS FESTIVAL ဟု အမည်ပေးထားကြောင်းလည်း သိရပါတယ်။

ပွဲတော်ကာလအတွင်း နိုင်ငံကျော်ရုပ်ရှင်ဂီတအနုပညာရှင်များ၏သီဆိုဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး၊ ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ဆိုင်များအပြင်၊ အခြားထူးခြားသောအစီအစဉ်များလည်း စီစဉ်ထားကြောင်း ပွဲတော်ကျင်းပရေးတာဝန်ရှိအဖွဲ့အစည်းဖြစ်သည့် အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)က သတင်းထုတ်ပြန်ထားပါ တယ်။

ပွဲတော်ကိုလာမည့်ဒီဇင်ဘာလ ၆ ရက်နေ့မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရပါ တယ်။

**Source :** https://opinionleadersmedia.com/

## မွန်ဂိုးလီးယားနိုင်ငံ၌ ၁၀ လတာကာလအတွင်း ကျောက်မီးသွေးတန်ချိန် ၆၅ သန်း တင်ပို့မှုရှိ



မွန်ဂိုးလီးယားနိုင်ငံတွင် ယခုနှစ် ပထမ ၁၀ လအတွင်း ကျောက်မီးသွေးတန်ချိန် ၆၅ သန်း တင်ပို့မှုရှိကြောင်း အကောက်ခွန် အထွေထွေအုပ်ချုပ်ရေး အမ်စီဂျီအေ (MCGA) က ပြောကြားခဲ့သည်။

ယခုနှစ်အတွင်းကျောက်မီးသွေးတင်ပို့မှုသည် ယခင်နှစ်အလားတူကာလကတင်ပို့မှုထက် ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု အမ်စီဂျီအေက ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။

ရွှေ၊ ငွေ၊ကြေးနီနှင့်ကျောက်မီးသွေးကဲ့သို့သော သဘာဝအရင်းအမြစ်များ ကြွယ်ဝသောကြောင့် သတ္တုတွင်းကဏ္ဍသည် မွန်ဂိုလီးယားစီးပွားရေး၏ အဓိကမဏ္ဍိုင်များအနက် တစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်ဟု သိရသည်။

**Source: ဆင်ဟွာ**

**DOCA(ပြည်ထောင်စုနယ်မြေ)**

## စားအုန်းဆီဆန့်ကျင်ရေးလှုပ်ရှားမှုများကို ဆန့်ကျင်ရန်အတွက် မလေးရှားနိုင်ငံအစိုးရသည် ရန်ပုံငွေများ တိုးချဲ့ရန်စီစဉ်




မလေးရှားနိုင်ငံအစိုးရသည် ၂၀၂၆ ခုနှစ်တွင် ဈေးကွက်ဝင်ရောက်ခွင့်ပိုမိုရရှိရန်နှင့် အပြည်ပြည်ဆိုင်ရာ အဓိကဦးစားပေးဈေးကွက်များတွင်တင်ပို့မှုမြှင့်တင်ရန်အတွက်စားအုန်းဆီဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဆန့်ကျင်ရန် (Capoc) အတွက် ရန်ပုံငွေများ တိုးချဲ့တော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်လူသုံးကုန်ပစ္စည်းများဆိုင်ရာဝန်ကြီးဌာန (KPK) မှထုတ်ပြန်သောအချက်အလက်များအရ သိရသည်။

ဒုတိယဝန်ကြီးဆိုသူ Datuk Chan Foong Hin ကခွဲဝေမှုအပိုင်းကို ဈေးကွက်ဝင်ရောက်နိုင်ခွင့်မြှင့်တင်ရန်နှင့် Gulfood၊ Food Ingredients Europe (FI Europe) နှင့် Food Ingredients India (FI India) ကဲ့သို့ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး ပြပွဲများတွင် မလေးရှားနိုင်ငံအား ပါဝင်နိုင်စေရန် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Chan က Capoc ၏အဓိကဦးစားပေးသည်မလေးရှားနိုင်ငံ၏စားအုန်းဆီဈေးကွက်အပေါ် ကမ္ဘာ့အမြင်များတိုးတက်ကောင်းမွန်စေရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Chan က ၎င်းဦးစားပေးသည် စျေးကွက်တိုက်ရိုက်ဝင်ရောက်နိုင်ခွင့်အား ဝယ်သူများနှင့် တိုက်ရိုက်ညှိနှိုင်းမှုများဖြင့် အရှိန်မြှင့်တင်နိုင်ရန်နှင့် ပြည်ပပို့ကုန်စွမ်းဆောင်ရည်နှင့် စျေးကွက်အသိပညာပေးရည်မှန်းချက်များ ပူးပေါင်းနိုင်စေမည့် ကုန်သွယ်ရေးနယ်ပယ်များ တည်ဆောက်နိုင်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

၎င်းက ကနဦးပြင်ဆင်မှုများသည် ကမ္ဘာ့စျေးကွက်ရှိ လုပ်ငန်းရှင်များအား လူငယ်များအတွက် အန္တရာယ်ကင်း၍ အထောက်အကူဖြစ်စေပြီး လစာကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် စားအုန်းဆီကဏ္ဍရှိ နည်းပညာအသစ်များအား ပိုမိုလက်ခံလာနိုင်စေရန်ဖြစ်ကြောင်း သိရသည်။

**Source: The Edge Malaysia**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (20.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Nov. 2025

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 5,892 (Shares) | 14,419,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 3 | 25,800 | 33,109,694 | 284,743 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,550 | 3,550 | 3,550 | 1,500 | 5,325,000 | 38,929,150 | 138,199 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 5 | 38,500 | 10,400,986 | 80,088 |
| FPB | 00004 | 2,100 | +0 | +0.00% | 2,100 | 2,100 | 2,050 | 1,352 | 2,804,200 | 29,664,613 | 62,296 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 181 | 524,900 | 12,823,224 | 37,187 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 2,248 | 3,821,650 | 19,977,223 | 34,960 |
| AMATA | 00007 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 0 | 0 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 603 | 1,879,600 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 20th Nov. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.41 | +0.24 | +0.06% | 397.51 | 397.51 | 396.72 | 5,892 | 14,419,650 | 8 | 749,584 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Nov. 2025

| Trading Volume | Trading Value |
|---|---|
| 6,125 (Shares) | 15,037,300 (MMK) |

### Main Board

As of 1:00 pm, 20th Nov. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,892 (Shares) | 14,419,650 (MMK) |

| MYANPIX | 397.41 ▲ 0.24 |
|---|---|
| Total Volume (shares) | 5,892 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 749,584 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,100 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 3,650 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 50 |

TIR